
# Panasonic

## အစိုအခြောက်သုံးအမျိုးသမီးအမွှေးရိတ်စက်

## အသုံးပြုပုံလမ်းညွှန်ချက်များ

## မော်ဒယ်နံပါတ် . **ES2291**



ဤပန်နာဆိုးနစ်ထုတ်ကုန်အားဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။

ဤယူနစ်အားအသုံးမပြုမီအောက်ပါလမ်းညွှန်ချက်များကိုပြည့်စုံစွာဖတ်၍နောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

# အရေးကြီးသောအချက်အလက်များ

## ► အသုံးမပြုမီ

ဤအစိုအခြောက်သုံးအမျိုးသမီးအမွေးရိတ်စက်သည်ဆပ်ပြာမြှုပ်ဖြင့်အစိုသုံးအမွေးရိတ်ခြင်း(သို့)အခြောက်သုံးအမွေးရိတ်ခြင်းအတွက်အသုံးပြုနိုင်ပါသည်။ဤရေစိုခံအမွေးရိတ်စက်ကိုရေပန်းအောက်တွင်သုံးနိုင်ပြီးရေနှင့်လည်းဆေးနိုင်ပါသည်။သုတေသနပြုချက်များအရဤအမွေးရိတ်စက်သည်ရေနွေးနှင့်ဆပ်ပြာမြှုပ်ကိုသုံး၍အမွေးများကိုပြောင်ချာအောင်ရိတ်နိုင်ပါသည်။အနည်းဆုံးအချိန်သုံးပတ်ကြာဆပ်ပြာမှုန့်ဖြင့်အစိုသုံးအမွေးရိတ်၍ကွဲပြားခြားနားမှုကိုသတိပြုကြည့်ပါ။ထိုညှပ်ကိရိယာသည်ပို၍ရှည်လာသောအမွေးများကိုအလွယ်တကူညှပ်ပေးပါလိမ့်မည်။စက်သန့်ရှင်းပုံသည်ရိုးရှင်းပါသည်။အမွေးရိတ်စက်ထိပ်ခေါင်းကိုရေပိုက်ခေါင်း(သို့)ရေပန်းအောက်တွင်ဆေးပါ။



## ► ဘေးကင်းလုံခြုံမှုကြိုတင်သတိပေးချက်များ

- အမွေးရိတ်စက်ကိုအပူချိန်မြင့်သည့်နေရာ(သို့)နေရောင်ခြည်တိုက်ရိုက်ထိတွေ့နိုင်သောနေရာများတွင်မထားပါနှင့်။
- ဖြုတ်ထားသောကြောင့်အပြင်ဘက်သတ္တုပြားကိုအခြောက်ခံရာတွင်မွေးရိတ်စက်ကိုနေရောင်ခြည်တိုက်ရိုက်ရသောနေရာတွင်မထားပါနှင့်။
- အပြင်ဘက်သတ္တုပြားသည်အလွန်ပါးသည်။မှားယွင်းစွာကိုင်တွယ်ပါကအလွယ်တကူပျက်စီးနိုင်ပါသည်။ကိုယ်တိုင်အနာတရမဖြစ်စေရန်အကာယ်၍သတ္တုပြား(သို့)အတွင်းဓားသွားပျက်စီးနေပါကအမွေးရိတ်စက်ကိုမသုံးပါနှင့်။

- အမွှေးရိတ်စက်ကိုရေပိုက်ခေါင်းအောက်တွင်ဆေးပါ။ပင်လယ်ရေ(သို့)ရေနွေးဖြင့်မဆေးပါနှင့်။အမွှေးရိတ်စက်ကိုရေထဲတွင်အချိန်တော်ကြာမနှစ်မြှုပ်ထားပါနှင့်။
- အမွှေးရိတ်စက်ကိုအိမ်သုတ်ဆေး၊ဘန်ဇင်း၊အရက်ပြန်ဖြင့်မသုတ်ပါနှင့်၊အဝတ်ကိုဆပ်ပြာရည်ဖြင့်စွတ်၍ကိရိယာကိုဆေးပါ။
- စက်အုံကိုဖြုတ်ခြင်းသည်ရေစိုခံသည့်စနစ်ကိုထိခိုက်နိုင်သောကြောင့်မဖြုတ်ပါနှင့်။
- အမွှေးရိတ်စက်ကိုအချိန်အတော်ကြာအသုံးမပြုဘဲထားပါကလျှပ်စစ်ယိုစိမ့်ခြင်းမရှိစေရန်ဓာတ်ခဲကိုဖြုတ်ထားပါ။
- အမွှေးရိတ်စက်သည်ကောင်းမွန်စွာအလုပ်မလုပ်ပါကကိရိယာကိုဝယ်ယူခဲ့သည့်နေရာ(သို့)သက်ဆိုင်ရာဆားဗစ်စင်တာများတွင်စုံစမ်းမေးမြန်းပါ။
- အမွှေးရိတ်စက်ကိုဤလမ်းညွှန်ချက်တွင်ဖော်ပြထားသည့်အသုံးပြုမှုများအတွက်သာသုံးပါ။

## ဓာတ်ခဲလဲလှယ်ခြင်း (ပုံ၁)

ဓားသွားလည်ပတ်နှုန်းနှေးလာပါကဓာတ်ခဲကိုအသစ်တစ်ခုနှင့်လဲလှယ်ပါ။


- ဓာတ်ခဲမလဲလှယ်မီ အမွှေးရိတ်စက်အတွင်းပိုင်းကိုရေမစိုစေရန်စက်ကိုခြောက်အောင်သုတ်ပါ။
- အားပျော့သောဓာတ်ခဲများနှင့်အမွှေးရိတ်ကိုမသုံးပါနှင့်။
- အမွှေးရိတ်စက်ကိုအချိန်အတော်ကြာအသုံးမပြုပါကဓာတ်ခဲကိုထုတ်ထားပါ။

၁ ခလုတ်ကိုပိတ်သည့်အနေအထားတွင်ထား၍ဓာတ်ခဲအဖုံးကိုဖယ်ပါ။

၂ AAAအယ်ကာလီဓာတ်ခဲနှစ်လုံးကို ပုံတွင်ပြထားသည့်အတိုင်းထည့်ပါ။

၃ ဓာတ်ခဲအဖုံးကိုပြန်တပ်ပါ။

- ချက်ခနဲအသံကြားပါကအဖုံးကိုမှန်ကန်စွာတပ်ဆင်ပြီးကြောင်းသိနိုင်ပါသည်။




## အမွှေးရိတ်စက်ကိုအသုံးပြုခြင်း

၁ ခလုတ်အဖွင့်အပိတ်ကိုရွှေ့ပါ။

၂ အမွှေးရိတ်စက်ဓားသွားအပြားကိုအသားအရေနှင့်ဆန့်ကျင်ဘက်တွင်ကိုင်ထားပါ။အမွှေးရိတ်ဓားသွားကိုကိုင်ထားပါ။သို့မှသာအသားအရေကိုညင်သာစွာရိတ်နိုင်ပါမည်။

- အမွှေးရှည်များကိုညှပ်ရန် တိ၊ ညှပ်ကိရိယာကိုသုံးပါ။
- ဓားသွားကိုအသားအရေနှင့်ညင်သာစွာထိတွေ့စေ၍ဖြည်းညှင်းစွာရိတ်ပါ။


► ဘီကီနီလိုင်းကိုရိတ်ခြင်းနှင့်ဘီကီနီဘီးဖြင့်ညှပ်လိုသောအမွေးပမာဏကို ညှပ်ခြင်း

၁. ဘီကီနီဘီးကိုအမွေးရိတ်စက်ထိပ်ခေါင်းတွင်တပ်ပါ။

၂. တိညှပ်ကိရိယာခလုတ်ကိုအပေါ်ဘက်သို့ တွန်းပါ။

• ဘီကီနီဘီးနေရာတကျဖြစ်သည့်အခါဘီးကိုအသားအရေနှင့်နီးကပ်သောနေရာတွင်ထားပါ။

► အမွေးရိတ်စက်ကိုမှန်ကန်စွာရွေ့ခြင်း(ပုံ ၂)





(၁) ဂျိုင်း : အသားအရေကိုဆွဲဆန့်ရန်လက်မောင်းကိုမ၍လားရာအမျိုးမျိုးကိုရိတ်ပါ။

(၂) ခြေ : ခြေမျက်စိမှ ဒူးအထိရိတ်ပါ။

(၃) လက် : လက်အပြင်ဘက်မှအတွင်းသို့ရိတ်ပါ။

(၄) ဘီကီနီလိုင်း : ဘီကီနီလိုင်းကိုစက်၏ထိပ်ခေါင်းတွင်တပ်၍တိညှပ်ကိရိယာကိုအပေါ်သို့ တွန်းပါ။အမွေးရှိသည့်နေရာများတွင်ရိတ်စက်ကိုဖြည်းညှင်းစွာရွေ့ပါ။

## အမွှေးရိတ်စက်ကိုဆေးခြင်း(ပုံ၃)



အမွှေးရိတ်စက်ကိုမဆေးမီခလုတ်ပိတ်ပါ။

(၁) သတ္တုပြားထိပ်ခေါင်းဖြုတ်သည့်ခလုတ်နှစ်ခုလုံးကိုနှိပ်၍ခလုတ်ကိုဖြုတ်ပြီးရေဆေးပါ။

(၂) စက်၏ထိပ်ခေါင်းကိုတပ်၍ရေခြောက်အောင်သုတ်ပါ။

(၃) အမွှေးရိတ်စက်ကိုအခြောက်ခံပြီးနောက်အဖုံးကိုတပ်ပါ။

### ► ဘရက်ရှ်ဖြင့်ဆေးခြင်း


၁. စက်၏ထိပ်ခေါင်းကိုဖြုတ်ပါ။

၂. အတွင်းဓားသွားကိုအဖြောင့်အတိုင်းဆွဲထုတ်၍ဘရက်ရှ်ဖြင့်တိုက်ပါ။

## အပြင်ဘက်သတ္တုပြားနှင့်အတွင်းဓားသွားကိုလဲလှယ်ခြင်း

| | |
|---|---|
| အပြင်ဘက်သတ္တုပြား | တစ်နှစ်တစ်ကြိမ် |
| အတွင်းဘက်ဓားသွား | တစ်နှစ်နှစ်ကြိမ် |

## ► အပြင်ဘက်သတ္တုပြားကိုလဲခြင်း(ပုံ ၄)





၁. အပြင်ဘက်သတ္တုပြားထိပ်ခေါင်းကိုဖြုတ်ရန်ထိပ်ခေါင်းဖြုတ်သည့်ခလုတ်များကိုနှိပ်ပါ။

၂. သတ္တုပြားထိပ်ခေါင်း၏အရှေ့ဘက်နှင့်အနောက်ဘက်ကိုကိုင်၍အပြင်ဘက်သတ္တုပြားပေါ်ရှိလက်ကိုင်ဘုနှစ်ခုမှတစ်ခုကိုဆွဲထုတ်ပါ။

၃. စက်၏ထိပ်ခေါင်းထဲသို့သတ္တုပြားကိုထည့်၍ပလတ်စတစ်အစွန်းများကိုသတ္တုပြားထိပ်ခေါင်းရှိချိတ်များတွင်ချက်ကနဲအသံကြားသည်အထိ တပ်ပါ။

## ► အတွင်းဓားသွားကိုလဲလှယ်ခြင်း (ပုံ ၅)




၁. သတ္တုပြားထိပ်ခေါင်းဖြုတ်သည့်ခလုတ်များကိုကိုင်၍အပြင်ဘက်သတ္တုပြားထိပ်ခေါင်းကိုအပေါ်သို့မ၍ဖြုတ်ပါ။

၂. အတွင်းဓားသွားကိုအစွန်းနှစ်ဖက်မှခိုင်မြဲစွာကိုင်ပြီးအမွေးရိတ်စက်မှအဖြောင့်အတိုင်းဆွဲထုတ်၍ဖြုတ်ပါ။

၃. အတွင်းဓားသွားအသစ်ကိုထည့်ရန်ဓားသွား၏အစွန်းနှစ်ဖက်ကိုကိုင်၍နေရာကျသည်အထိ အောက်သို့ဖိချပါ။

## အသေးစိတ်အချက်အလက်များ

| | |
|---|---|
| ဓာတ်ခဲများ | LR03(AAA)အယ်ကာလီခြောက်သွေ့ဆဲလ်ပါသောဓာတ်ခဲ နှစ်လုံး (DC3V) (ခွဲရောင်း) |
| အလေးချိန် | ၁၁၀ ဂရမ်<br>ဘီကီနီ ः ၁၀ဂရမ် |

လေသံဆူညံမှုနှုန်း ः

အမွေးရိတ်စနစ် ः 67(dB(A)re 1pw)

တိညှပ်စနစ် ः 68(dB(A)re 1pw)

## စက်၏အကာအကွယ်ပေးသောအဖုံး( ပုံ ၆)

**က** စက်၏အကာအကွယ်ပေးသောအဖုံး

**ခ** စက်၏အပြင်ဘက်သတ္တုပြားထိပ်ခေါင်း


- ၁ အပြင်ဘက်သတ္တုပြား
- ၂ တိညှပ်ကိရိယာ
- ၃ တိညှပ်ကိရိယာခလုတ်

**ဂ** အတွင်းဓားသွား

**ဃ** စက်ကိုယ်ထည်

- ၄ သတ္တုပြားထိပ်ခေါင်းဖြုတ်သည့်ခလုတ်
- ၅ အဖွင့်/အပိတ်
- ၆ ဓာတ်ခဲအဖုံး

**င** ဘီကီနီဘီး




## ► တွဲဖက်ပစ္စည်း

သန့်ရှင်းသည့်ဘရက်ရှ်

(ပေးထားသောအပိုပစ္စည်းများမှလွဲ၍အခြားအပိုပစ္စည်းများကိုမသုံးပါနှင့်။)

# Panasonic Electric Works Wanbao (Guangzhou) Co., Ltd.

No.33 Wanbao North Street Wanbao Industry Zone Zhong Cun Town,
Panyu City, Guangdong Province, 511495 China


ɔJ